ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ

(ဘေးကင်းလုံခြုံ၍ဂုဏ်သိက္ခာရှိပြီးမှီခိုမှုကင်းသောဘဝများကိုပြန်လည်တည်ဆောက်ရေး)

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ

## မာတိကာ


၁။ နိဒါန်း

၂။ ရည်ရွယ်ချက်

၃။ အဓိပ္ပါယ်ဖွင့်ဆိုချက်

၄။ လုပ်ငန်းစဉ်

၅။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ

၆။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကော်မတီ

၇။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ လုပ်ငန်းကော်မတီ

၈။ လုပ်ငန်းစီမံချက်များ (Action Plans)

၉။ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်ဆောင်ခြင်း

၁၀။ ရန်ပုံငွေ

၁၁။ စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်း

၁၂။ နိဂုံး

၁၃။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ ကော်မတီဖွဲ့စည်းပုံ အဆင့်ဆင့်

## ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ

**နိဒါန်း**

၁။ မြန်မာနိုင်ငံအတွင်းရှိ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် တို့တွင် အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို လိုအပ်သော ကာကွယ် စောင့်ရှောက်ထောက်ပံ့မှုများပေးနိုင်ရန်အတွက် ယာယီခိုလှုံရာစခန်းများ ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်လျက်ရှိကြသော ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ သဘောဆန္ဒနှင့်အညီ ရေရှည်တည်တံ့သော နေရပ်ပြန်နိုင်ရေး (သို့မဟုတ်) နေရာသစ်သို့ ရွှေ့ပြောင်းနိုင်ရေး (သို့မဟုတ်)ဒေသအတွင်း ပေါင်းစည်း နေထိုင်နိုင်ရေး (ဤဆောင်ရွက်ချက် များကို နောက်ပိုင်းတွင် **“ပြန်လည်နေရာချထားရေး”** ဟု ခေါ်ဆိုမည်)တို့ကို အထောက်အကူ ပြုနိုင်မည့် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ တစ်ရပ်ကို စနစ်တကျရေးဆွဲ အကောင် အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ နေရပ်စွန့်ခွာသူများ၏ ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းရေးဆောင်ရွက်ရာတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDPs)၏ နေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်ခြင်းကို အဆုံးသတ်စေနိုင်မည့် ရေရှည် တည်တံ့ခိုင်မြဲသော ဖြေရှင်းမှုများကို ရရှိနိုင်ရန် ဦးတည်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ နေရပ်စွန့်ခွာသူများအတွက် ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိစွာဖြင့် မိမိတို့ ကိုယ်တိုင်ရပ်တည်နေထိုင် သွားနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူများ၊ နေရပ်စွန့်ခွာသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ ဤရည်ရွယ်ချက်များနှင့်ကိုက်ညီစွာ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာ ချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ရေးဆွဲထားပါသည်။

၂။ ဤအမျိုးသားအဆင့်မဟာဗျူဟာသည် နေရပ်စွန့်ခွာသူများ၏ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDPs) ပြန်လည်ထူထောင်နိုင်ရေးတို့ကို အထောက်အကူပြုနိုင်ပါမည်။ ၎င်းတို့၏ရွှေ့ပြောင်းနေထိုင်ရခြင်းများကို အဆုံးသတ်နိုင်ရေး အတွက် ဖြေရှင်းဆောင်ရွက်မှု နည်းလမ်းများကိုရှာဖွေရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ နိုင်ငံတကာစံချိန်စံညွှန်းများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးတွင် ၂၀၁၇

ခုနှစ်၊ မေလ (၂၉)ရက်၌ လက်မှတ်ရေးထိုးခဲ့သည့် ပြည်ထောင်စု သဘောတူစာချုပ်၊ လူမှုရေး ကဏ္ဍ အခြေခံမူ သဘောတူညီချက်တို့နှင့်အညီ ဆောင်ရွက်နိုင်စေရန် အတွက် အထောက်အကူ ပြုနိုင်မည့် မူဘောင်တစ်ခုလည်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၃။ "နေရပ်စွန့်ခွာသူများအတွက် ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသော ဘဝများပြန်လည်တည်ဆောက်နိုင်ရန်"ရည်ရွယ်သည်။ အဆိုပါ ရည်ရွယ်ချက် အကောင်အထည် ဖော်နိုင်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ရေတို/ရေရှည် စီမံကိန်းများချမှတ် ဆောင်ရွက်ရန် အမျိုးသားအဆင့် မဟာဗျူဟာကို ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်သည်-

(က) နေရပ်စွန့်ခွာသူများ၏ ယာယီခိုလှုံရာစခန်းများ စနစ်တကျပိတ်သိမ်းနိုင်ရန်နှင့် စခန်းနေသူများ ဘေးကင်းလုံခြုံသော၊ ဂုဏ်သိက္ခာရှိသော၊ အမှီခိုကင်းသော ဘဝများပြန်လည်တည်ဆောက်၍ ပုံမှန်လူနေမှုဘဝများသို့ ပြန်လည်ရောက်ရှိ စေမည့် အခြေအနေများကို ဖန်တီးပေးနိုင်ရန်၊

(ခ) နေရပ်စွန့်ခွာသူများနှင့် ပြန်လည်နေရာချထားမည့် နေရာဒေသများရှိ နေထိုင် သူအားလုံး၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော အခြေခံဝန်ဆောင်မှုများ နေအိမ်အဆောက်အဦများနှင့်အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများကို ရရှိစေရန်၊

(ဂ) နေရပ်စွန့်ခွာသူများအနေဖြင့် အခြေခံအခွင့်အရေးများရရှိကာတည်ငြိမ် အေးချမ်း ၍ လူမှုသဟဇာတဖြစ်သော လူမှုပတ်ဝန်းကျင်တွင် နေထိုင်နိုင်စေရန်၊

(ဃ) ငြိမ်းချမ်း၍ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး တွင် နေရပ်စွန့်ခွာသူများ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်စေရန်၊

## အဓိပ္ပါယ်ဖွင့်ဆိုချက်

၄။ ပြည်တွင်းနေရပ်စွန့်ခွာသူများ(Internally Displaced Persons-IDPs)ဆိုသည်မှာ သဘာဝ ဘေးအန္တရာယ် (သို့မဟုတ်) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများစသောလူသားတို့ ကြောင့်ဖြစ်ပေါ်သောဘေးအန္တရာယ်များ၏ ဆိုးကျိုးများကို ရှောင်ရှားနိုင်ရန် အလို့ငှာမိမိတို့၏ အိုးအိမ် နှင့်နေရပ်ဒေသများကိုစွန့်ခွာသူများကိုဆိုလိုပါသည်။ အဆိုပါအဓိပ္ပါယ်ဖွင့်ဆိုချက်သည် မိမိ နေထိုင်ရာနိုင်ငံအတွင်း၌သာပြောင်းရွှေ့နေထိုင်ကြသူများကိုရည်ညွှန်းပါသည်။

၅။ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ ယာယီခိုလှုံရာစခန်းများဆိုသည်မှာ ပြည်တွင်း နေရပ်စွန့်ခွာသူများ (IDPs) ယာယီစုစည်းနေထိုင်ရန် သတ်မှတ်ထားသော နေရာ/အဆောက်အအုံများ (သို့မဟုတ်) နေရပ်စွန့်ခွာသူများအား စုစုစည်းစည်းနေထိုင်နိုင်ရန် လက်ခံပေးထားသော နေရာ/အဆောက်အအုံများကို ဆိုလိုပါသည်။

၆။ ပြန်လည်နေရာချထားရေးဆိုသည်မှာ ပြည်တွင်းနေရပ်စွန့်ခွာသူများအား (က) မူလနေထိုင်ရာဒေသနှင့် လူမှုပတ်ဝန်းကျင်အတွင်း ပြန်လည်ရောက်ရှိပေါင်းစည်းနေထိုင်စေခြင်း၊ (ခ) မူလနေထိုင်ရာဒေသနှင့် အနီးဆုံးနေရာ သို့မဟုတ် အခြားသင့်လျော်သောနေရာတစ်ခုသို့ ပြောင်းရွှေ့၍ လူမှုပတ်ဝန်းကျင်အတွင်း ပေါင်းစည်းနေထိုင်စေခြင်း၊ (ဂ) ယာယီခိုလှုံရာဒေသရှိ လူမှုပတ်ဝန်းကျင်အတွင်း ပေါင်းစည်းနေထိုင်စေခြင်းကို ဆိုလိုပါသည်။

## လုပ်ငန်းစဉ်

၇။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးအတွက် အမျိုးသားအဆင့်ကော်မတီ ဖွဲ့စည်းခြင်း၊

(ခ) ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အလိုက်ဖွဲ့စည်းခြင်း၊

(ဂ) သတ်မှတ်ရွေးချယ်ထားသည့် နေရပ်စွန့်ခွာသူများ၏ ယာယီခိုလှုံရာစခန်း (များ) အတွက် ကော်မတီအဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအစဉ်များကို အသေးစိတ်ရေးဆွဲခြင်း၊

(ဃ) ရေးဆွဲပြီးသော အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

**ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့်ကော်မတီ**

၈။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများမှ တာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းရန် ဖြစ်ပါသည်။

၉။ ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ ကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အစည်းအဝေးများ ကျင်းပသည့် အခါတွင် သင့်လျော်သလို ဖိတ်ကြားနိုင်ပါသည်။ (ကိုယ်စားလှယ်များတွင် အမျိုးသမီးများပါဝင်ရမည်)

၁၀။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ–

(က) မူဝါဒ၊ လမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ခ) ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကော်မတီ၊ လုပ်ငန်း ကော်မတီ၊ လိုအပ်သော ဆပ်ကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဂ) ကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်စေခြင်းနှင့် ထိုလုပ်ငန်းစီမံချက်များကို စိစစ်အတည်ပြုခြင်း၊

(ဃ) ကော်မတီများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(စ) ရန်ပုံငွေ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

**နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အဆင့် ကော်မတီဖွဲ့စည်းခြင်း**

၁၁။ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကော်မတီအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့က ဦးဆောင်ပြီး ယင်းတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းရန် ဖြစ်ပါသည်။

၁၂။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကော်မတီ ၏လုပ်ငန်းတာဝန်များမှာ-

(က) ချမှတ်ထားသော မူဝါဒများနှင့် အညီ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် လိုအပ်သောပေါင်းစပ်ညှိနှိုင်းမှုများဆောင်ရွက်ခြင်း

(ခ) မှတ်တမ်းများနှင့်အချက်အလက်များ စနစ်တကျရှိစေရေး ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းစီမံချက်များအတွင်းရှိ မတူကွဲပြားသော အကြောင်းအရာများနှင့် ပတ်သက်၍ သက်ဆိုင်ရာအကြောင်းအရာအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မည့်သူများ(Stakeholders) နှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခြင်း၊

(ဃ) ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ပြန်လည်နေရာချထားမည့် ဒေသနေသူများ အကြား အပြန်အလှန်ယုံကြည်မှုနှင့် လူမှုသဟဇာတဖြစ်စွာနေထိုင်နိုင်ရေး ကိုမြှင့်တင်နိုင်ရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ အစီအစဉ်များ၊ အခြား သိသင့်သိထိုက်သည့် အချက် အလက်များကို အသိပညာပေးလုပ်ငန်းများဖြင့် ဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ မူလမြေပိုင်ဆိုင်မှု စာရင်းဇယားမှန်ကန်မှုရှိစေရေးအတွက်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်နိုင်ရေးကူညီပံ့ပိုးပေးခြင်း၊

**ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်း ကော်မတီ ဖွဲ့စည်းခြင်း**

၁၃။ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ နယ်မြေဒေသအလိုက် (သို့မဟုတ်) စခန်းအလိုက် လုပ်ငန်းကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပါမည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ

(ခ) တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ

(ဂ) တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနဆိုင်ရာများ

(ဃ) နေရပ်စွန့်ခွာသူများ၏ ကိုယ်စားလှယ်များ၊ ပိတ်သိမ်းမည့်စခန်းများမှ ကိုယ်စားလှယ်များနှင့် ပြန်လည်နေရာချထားမည့်ဒေသမှ ဒေသခံ ကိုယ်စားလှယ်များ၊ အခြားသင့်လျော်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊

၁၄။ လုပ်ငန်းကဏ္ဍအလိုက် အောက်ဖော်ပြပါ ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) အခြေခံအဆောက်အဦဆိုင်ရာစီမံခန့်ခွဲမှုဆပ်ကော်မတီ

(ခ) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေးဆပ်ကော်မတီ

(ဂ) သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ

(ဃ) ကျန်းမာရေးဆိုင်ရာဆပ်ကော်မတီ

(င) ပညာရေးဆိုင်ရာဆပ်ကော်မတီ

(စ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖော်ဆောင်ရေးဆပ်ကော်မတီ

(ဆ) အများပြည်သူလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်စွာသွားလာခွင့် ဆိုင်ရာ အထောက်အကူပြု ဆပ်ကော်မတီ

(ဇ) လူမှုသဟဇာတဖြစ်စေရေးနှင့် လူမှုပေါင်းစည်းရေးဖော်ဆောင်မှုဆပ်ကော်မတီ

(ဈ) နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အထောက်အကူပြုဆပ်ကော်မတီ

**လုပ်ငန်းစီမံချက်များ**

၁၅။ ပိတ်သိမ်းမည့်စခန်းများအတွက် လုပ်ငန်းစီမံချက်များတွင် အောက်ပါတို့ပါဝင်ရပါမည်-

(က) တိုင်းဒေသကြီး/ပြည်နယ် စခန်းများ အလိုက် ဒေသလိုအပ်ချက်အပေါ်မူတည်၍ သတ်မှတ်ရည်ရွယ် ရေးဆွဲခြင်း၊

(ခ) ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းအသိပေးဆွေးနွေးရန် လုပ်ငန်းစဉ်များရေးဆွဲသတ်မှတ်ခြင်း၊

(ဂ) ပြန်လည်နေရာချထားရေးနှင့် ပိတ်သိမ်းမည့်စခန်းများ သတ်မှတ်ရွေးချယ်ခြင်း အတွက် အခြေခံရမည့် အချက်အလက်များ သတ်မှတ်ခြင်း၊

(ဃ) ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(င) လုပ်ငန်းစီမံချက် အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ သတ်မှတ်ခြင်းနှင့် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ခြင်း၊

(စ) စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေးဆောင်ရွက်မည့် အစီအစဉ် ပါဝင် စေခြင်း

၁၆။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး အဓိက တာဝန်ယူဆောင်ရွက်မည့်သူများနှင့် လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်မည့် သူများသည် အောက်ပါတို့ကို အလေးထားဆောင်ရွက်မည်ဖြစ်ပါသည်-

(က) တရားဥပဒေစိုးမိုးရေး၊ ခွဲခြားနှိမ်ချဆက်ဆံမှုမရှိစေရေး၊ ပြည်တွင်း နေရပ်စွန့်ခွာ သူများ (IDPs)နှင့် ပြန်လည်နေရာချထားမည့်နေရာမှ ဒေသခံများ ရသင့်ရထိုက် သည့် အခြေခံအခွင့်အရေးများ ရရှိစေရေးကို လုပ်ဆောင်ရာတွင် မည်သူ့ကိုမျှ ထိခိုက်နစ်နာမှုမဖြစ်စေရေးအတွက် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ခ) ဒေသ၏ လက်ရှိအခြေအနေ၊ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအချက်များနှင့် အညီ ဆောင်ရွက်ရမည်။

(ဂ) နေရပ်စွန့်ခွာသူများ(IDPs)နှင့် ၎င်းတို့ကိုပြန်လည်နေရာချထားမည့် နေရာဒေသ ရှိလူမှုအသိုက်အဝန်းအားလုံး၏ အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရမည်။

(ဃ) ထိခိုက်လွယ်သော အုပ်စုများဖြစ်သည့် အမျိုးသမီးများ၊ ကလေး သူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အထူးကာကွယ်စောင့်ရှောက်မှု ပေးရန်လိုအပ်သူများအတွက် ထည့်သွင်း စဉ်းစားရေးဆွဲ မည်ဖြစ်ပြီး၊ အကျိုး

ခံစား ခွင့်ရှိသူများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရစေရေးအတွက် ဦးစားပေး ဆောင်ရွက်ရမည်။

(င) ပြန်လည်နေရာချထားခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုအား အလေးထားဆောင်ရွက်ပါမည်။ အထူးအားဖြင့် ၎င်းတို့အား အတင်းအကြပ် နေရပ်ပြန်စေခြင်း သို့မဟုတ် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေမြင့်မားသော အရပ်ဒေသများသို့ နေရာချထားပေးခြင်းတို့ကို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

(စ) ပြည်တွင်းနေရပ်စွန့်ခွာသူများအား လုံခြုံစိတ်ချရသောနေရာသစ်များ၌ ပြန်လည်နေရာချထားပြီးချိန်တွင် ယင်းတို့၏ ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံရှိသော မူလနေရာရှိ ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ ဥပဒေနှင့် အညီ ဆောင်ရွက်ရပါမည်။

(ဆ) ပြန်လည်နေရာချထားမည့် ဒေသတွင် နေထိုင်လျက်ရှိသူများ ဆုံးရှုံးနစ်နာမှု မရှိစေရေးတို့အား ဥပဒေနှင့် အညီ ဆောင်ရွက်ရပါမည်။

(ဇ) ပြန်လည်နေရာချထားရေး၏ ပြည်သူ့ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အဦများအတွက် ဆောင်ရွက်ရာတွင် လူမှုသဟဇာတ ဖြစ်စေရေးအလေးထား ဆောင်ရွက် ရမည်။

(ဈ) လူတိုင်းအတွက် ဥပဒေနှင့်အညီ လွတ်လပ်စွာသွားလာခွင့် ရှိစေရန် အလေးထား ဆောင်ရွက်သွားမည်။

(ည) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများမှ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအကူအညီများကို ပိုမိုလွယ်ကူစွာ ထောက်ပံ့ပေးအပ် နိုင်စေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

**လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

၁၇။ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများနှင့်အညီ အောက်ဖော်ပြပါလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(က) **အခြေခံအဆောက်အဦဆိုင်ရာစီမံခန့်ခွဲရေး**

(၁) နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများ ပိတ်သိမ်းခြင်း ဆောင်ရွက်ရာတွင် စခန်းနေသူများ၊ လိုအပ်ပါက ပြန်လည်နေရာချထားမည့်ဒေသတွင်နေထိုင်သူများ၏ ဆန္ဒသဘောထားများကို ထည့်သွင်းစဉ်းစားပြီးနောက် လျာထားနေရာများအားရွေးချယ်တင်ပြခြင်း၊

(၂) ဖွံ့ဖြိုးရေးအစီအစဉ်များအား မူကြမ်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များနှင့်အညီ ဆောင်ရွက်ခြင်းနှင့် အားလုံးပူးပေါင်းပါဝင်စေခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများ (Stakeholders)၏ အကြံဉာဏ်ကို ရယူခြင်း၊

(၃) ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အဆောက်အဦများ၊ လူနေအိမ်များ၊ လမ်းများ၊ တံတားများ၊ အားကစားကွင်းများနှင့် ပန်းခြံများ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စသည့်အခြေခံလိုအပ်ချက်များ ကိုဦးစားပေးဆောင်ရွက်ခြင်း၊

(၄) ပြန်လည်နေရာချထားမည့် နေအိမ်များတည်ဆောက်ရာတွင် “ငွေကြေးထောက်ပံ့မှုများကို အလုပ်လုပ်စေခြင်းဖြင့် ပေးအပ်ခြင်း အစီအစဉ်” (Cash–for–Work Programme )များ အား ဖန်တီးပေးခြင်း

(ခ) **လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ**

(၁) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရာတွင် အထောက်အပံ့ ပစ္စည်းများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေခံမူများအရ ပေးအပ်နိုင်စေရန်အတွက် ပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(၂) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို လိုအပ်သည့်အချိန်တွင် လိုအပ်သလို ရရှိနိုင်စေရေးနှင့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ပုံမှန် လူနေမှုဘဝတွင် အမှီအခိုကင်းစွာဖြင့် ပြန်လည်ရပ်တည်နိုင်စေရေးကို အလေးပေးဆောင်ရွက်ခြင်း၊

(ဂ) **သတင်းအချက်အလက်များ ပြန်ကြားပေးခြင်း**

(၁) လုပ်ငန်းစီမံချက်များ (Action plans) တွင်ပါဝင်သည့် အကြောင်းအရာ၊ အချက်အလက်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို သင့်လျော်သည့်အချိန်ကာလအလိုက် အသိပေးခြင်း၊

(၂) လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အကြံပြုချက်များ၊ သတင်းအချက်အလက်များ လက်ခံရယူခြင်း၊ ညွှန်းပို့ခြင်း၊ ပြန်ကြားပေးခြင်း၊

(၃) သတင်းအချက်အလက်များကို မီဒီယာများမှတစ်ဆင့် ပိုမိုကျယ်ပြန့်စွာ ပြည်သူသို့ ဖြန့်ဝေအသိပေးခြင်း၊

(၄) မဟုတ်မမှန်၊ အထင်အမြင် လွဲမှားနိုင်သည့် ကောလဟာလ သတင်းများကို စောင့်ကြည့်လေ့လာခြင်း၊ ဖြေရှင်းဆောင်ရွက်ခြင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် အရပ်ဘက်လူမှုအဖွဲ့ အစည်းများ ပူးပေါင်းပါဝင်လာစေရေး စည်းရုံးဆောင်ရွက်ခြင်း၊

(၅) အမုန်းစကားများ တားဆီးကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဃ) **ကျန်းမာရေး**

(၁) ကျန်းမာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အလို့ငှာ ရပ်ရွာလူထုအားလုံး လက်လှမ်းမီနိုင်မည့် နေရာဒေသများ၌ လိုအပ်သည့် အရည်အသွေးများနှင့် ပြည့်မီသည့် ဆေးရုံ၊ ဆေးပေးခန်းများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးများနှင့် ဆေးကုသမှု ကိရိယာများ လုံလောက်စွာရှိစေရန် ပံ့ပိုးဆောင်ရွက်ခြင်း၊

(၂) နေရပ်စွန့်ခွာသူများ၊ အထူးသဖြင့် အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အနေဖြင့် အရေးပေါ်ဆေးကုသမှုခံယူရန်လိုအပ်လာပါက (သို့မဟုတ်) လက်ရှိနေထိုင်ရာဒေသတွင် လက်လှမ်းမမီနိုင်သည့် အထူးကုဆရာဝန်ကြီးများ၏ကုသမှုကို ခံယူရန်လိုအပ်လာပါက အနီးစပ်ဆုံး ဆေးရုံသို့တတ်နိုင်သမျှ ဆောလျင်စွာ ရောက်ရှိနိုင်စေရန် အတွက် ပံ့ပိုးစီမံဆောင်ရွက်ပေးခြင်း၊

(၃) ပဋိပက္ခဖြစ်စဉ်များကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူများကို ဆေးကုသခြင်း၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးပေးခြင်း (Psycho-social Support)နှင့် နှစ်သိမ့်ဆွေးနွေးခြင်း (Counselling) လုပ်ငန်းများ၊ ကိုယ်အင်္ဂါချို့ယွင်းသွားသူများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်သန်စွမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၄) ဆေးရုံ၊ ဆေးပေးခန်းများသည် ဆေးကုသမှုနှင့် ဝန်ဆောင်မှုများပေးရာတွင် ခွဲခြားဆက်ဆံမှုမရှိကြောင်းကို အသိပေးခြင်း နှင့် လာရောက်ဆေးကုသချိန် တွင် ခွဲခြားဆက်ဆံမှု မဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊

(င) **ပညာရေး**

**(၁)** ပညာရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်၏သတ်မှတ်ချက်နှင့် အညီဖြည့်ဆည်းပေးခြင်း၊

(၂) ပြန်လည်နေရာချထားမည့်ဒေသများတွင် ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးရာတွင် မိန်းကလေးများ၊ မသန်စွမ်းသူများနှင့် လူနည်းစုများ အပါအဝင် အားလုံးအကျုံးဝင်သည့် ပညာရေးဖြစ်စေရေးကို ဦးတည်ဆောင်ရွက်ပေးခြင်း၊

(စ) **အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအစီအစဉ်များ**

(၁) ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် သင့်တင့်မျှတသောဝင်ငွေ ရရှိနိုင်သည့် ဒေသနှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအစီအစဉ်များကို ဖန်တီးပေးခြင်း၊

(၂) ငွေကြေးအရင်းအနှီး၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာသင်တန်းများနှင့် အလုပ်သမားဈေးကွက်တို့ကို လက်လှမ်းမီစေရန် ဆောင်ရွက်ပေးခြင်း၊

(၃) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရေး တိုးမြှင့်ဆောင်ရွက်ခြင်း၊

(၄) ပြည်တွင်းနေရပ်စွန့်ခွာသူများ ၎င်းတို့၏ဆန္ဒအလျောက် ပြည်တွင်း/ပြည်ပသို့ စနစ်တကျနှင့် ဘေးကင်းလုံခြုံစွာ အလုပ်အကိုင်သွားရောက်လုပ်ကိုင်နိုင် စေရေးအတွက် ဥပဒေနှင့် အညီ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဆ) **အများပြည်သူလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်စွာသွားလာခွင့်။**

(၁) လိုအပ်သည့်နေရာများတွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းခြင်း လုပ်ငန်းများ (Humanitarian Demining) ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ပေးခြင်းအပါအဝင် ဘေးကင်းလုံခြုံရေး အစီအမံများအား တိုးမြှင့် ဆောင်ရွက်ပေးခြင်း၊

(၂) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများ (အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ)၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် အခြားသောရာဇဝတ်မှုများ မဖြစ်ပေါ်စေရေးအတွက် ပြန်လည်နေရာချထားသူများ၊ ဒေသခံများ၏ပါဝင်မှု၊ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းမှုတို့ဖြင့် ဆောင်ရွက်ခြင်း၊

(၃) လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသ၏ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လူမှုသဟဇာတဖြစ်မှု၏ အရေးပါမှုများအား ထည့်သွင်းစဉ်းစားပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့တာဝန် ဝတ္တရားများကို ထမ်းဆောင် စေရန် သင်တန်းများပို့ချခြင်းနှင့် လက်တွေ့ကျင့်သုံး ဆောင်ရွက်စေခြင်း၊

(၄) ပြန်လည်နေရာချထားသည့်ဒေသများတွင် ပြည်သူ့ဝန်ဆောင်မှု ပေးမည့်သူများ၏ ဘေးကင်းလုံခြုံရေးတို့ကိုအလေးထား ဆောင်ရွက်ပေးခြင်း၊

(၅) လွတ်လပ်စွာသွားလာနိုင်မှုကိုမြှင့်တင်ပေးနိုင်ရန်

(ကက) ပြည်တွင်းနေရပ်စွန့်ခွာသူများအား ဥပဒေအရ လွတ်လပ်စွာ သွားလာခွင့်ကို ကန့်သတ်ထားမှု မရှိကြောင်း သိရှိစေရန်နှင့် ဒေသ၏ လုံခြုံရေးအခြေအနေ ပိုမိုကောင်းမွန်လာစေရန်နှင့် လူမှုသဟဇာတဖြစ်စေရန် ဆောင်ရွက်ပေးခြင်း

(ခခ) မည်သည့်သက်သေခံစိစစ်ရေးကတ်မျှ ကိုင်ဆောင်ထားခြင်း မရှိသော ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ခရီးသွားလာခွင့် ရရှိနိုင်သည့် နည်းလမ်းများကို သင့်လျော်သည့် အခြေအနေတွင် ဖော်ဆောင်ပေးခြင်း၊

(ဓ) **လူမှုသဟဇာတဖြစ်စေရေးနှင့် လူမှုပေါင်းစည်းရေး**

(၁) လုပ်ငန်း စီမံချက်များ (Action Plans) ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူ့အဖွဲ့အစည်းများကြား၌ လူမှုသဟဇာတ ဖြစ်စေရေးနှင့် လူမှုပေါင်းစည်းရေးကို လုပ်ဆောင်နိုင်ရန် အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများ ရရှိလာစေရန် ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(၂) လူထုအခြေပြု ဆွေးနွေးပွဲများ၊ အမျိုးသမီးများ ဦးဆောင်သော လှုပ်ရှားမှုများ အပါအဝင် ပူးပေါင်းဆောင်ရွက်မှု များဖြစ်ပေါ်လာ စေရန် ကူညီပံ့ပိုးပေးခြင်း၊

(၃) သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီနှင့် ပူးပေါင်းပြီး အမုန်းစကားများ တားဆီး ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဈ) **နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်၌ ကူညီပံ့ပိုးပေးခြင်း**

(၁) ပိတ်သိမ်းတော့မည့်စခန်းများတွင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပံ့ပိုးဆောင်ရွက်ခြင်း၊

(၂) နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သော အသိပေးဆွေးနွေးခြင်းများနှင့် သတင်းအချက်အလက် မျှဝေခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်း၊

(၃) ကောလာဟလများပြန့်ပွားမှုကို တားဆီးနိုင်စေရန် သတင်းနှင့်ပြန်ကြားရေး ဆပ်ကော်မတီနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊

**ရန်ပုံငွေ**

၁၈။ ဤမဟာဗျူဟာအရ လုပ်ငန်းစီမံချက်များအကောင်အထည်ဖော်ရာတွင် လိုအပ်မည့် ရန်ပုံငွေကို အောက်ဖော်ပြပါ ဘဏ္ဍာအရင်းအမြစ်များမှ လျာထားသုံးစွဲနိုင်ရေးဆောင်ရွက်ပါမည်-

(က) သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာနများ၏ ဘဏ္ဍာရန်ပုံငွေအရင်းအမြစ်များ၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာရန်ပုံငွေ အရင်းအမြစ်များ၊

(ဂ) နိုင်ငံတကာအသိုက်အဝန်းက ထောက်ပံ့ပေးအပ်လာသော ပံ့ပိုးကူညီမှုများ၊

(ဃ) အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍမှ ထောက်ပံ့ပေးအပ်လာသော ပံ့ပိုးကူညီမှုများ၊

**စောင့်ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်ခြင်း**

၁၉။ အမျိုးသားအဆင့်ကော်မတီအနေဖြင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုများအား စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းကို လုပ်ငန်း ဆောင်ရွက်သည့် ကာလ (၆)လပြည့်ချိန်တွင် စတင်ဆောင်ရွက်ရမည်ဖြစ်ပြီး၊ နောက်ပိုင်းတွင် နှစ်စဉ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သင့်လျော်သည့် ပုဂ္ဂိုလ်များကို ဖွဲ့စည်းတာဝန်ပေးအပ်သွားပါမည်။

**နိဂုံး**

၂၀။ ပြည်တွင်းနေရပ်စွန့်ခွာသူများအား ပြန်လည်နေရာချထားခြင်းနှင့် ၎င်းတို့အတွက် ရေရှည် တည်တံ့သော ဖြေရှင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံ၏ တရားမျှတရေး၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဆိုင်ရာလုပ်ငန်းများကို အထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။ ဤဆောင်ရွက်ချက်သည် မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးစီမံကိန်း (Myanmar Sustainable Development Plan – MSDP)ကို အကောင်အထည်ဖော်ဆောင်ရာ၌လည်း အထောက်အပံ့ဖြစ်စေသကဲ့သို့ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးရေးကိုလည်း ပံ့ပိုးရာ ရောက်မည်ဖြစ်ပါသည်။ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ပြန်လည်နေရာချထားသည့် ဒေသများတွင် နေထိုင်ကြသူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက် လာခြင်းသည် ဒေသအတွင်းရှိ လူမှုအဖွဲ့အစည်းများအတွင်း လူမှုရေး ပဋိပက္ခများကို လျော့နည်း ပပျောက်စေနိုင်သကဲ့သို့ ဒေသတွင်းဖွံ့ဖြိုးရေးအစီအစဉ်များ ကို ဖော်ဆောင်ခြင်းအတွက်လည်း အထောက်အပံ့ တစ်ခုဖြစ်စေပါသည်။ အထက်ဖော်ပြပါ အကျိုး ကျေးဇူးများဖြစ်ထွန်းလာစေရန် နေရပ်စွန့်ခွာသူများ၏ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးကို စနစ်တကျနှင့် ရေရှည်တည်တံ့ နိုင်မည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအချက် (Local context)၊ နိုင်ငံတကာစံနှုန်းများ၊ နိုင်ငံ အတွင်းရှိအရင်းအမြစ်များနှင့်

ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ကူညီပံ့ပိုးပေးမှုများ အားလုံးကို တစ်ခုနှင့်တစ်ခု အချိတ်အဆက် မိမိနှင့်ဟန်ချက်ညီညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်မြောက်နိုင်မှသာ ပြည်တွင်းယာယီခိုလှုံရာစခန်းများလုံးဝပပျောက်သွားမည်ဖြစ်ပါသည်။

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ကော်မတီဖွဲ့စည်းပုံ အဆင့်ဆင့်

